ကျွန်ုပ်က လျှောက်ထားသည်မှာ အို-

အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်၊ မည်သူ့ကို

ကျွန်တော်မျိုး အကောင်းဆုံးပြုမူဆက်ဆံရမည်နည်း။တမန်‌တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ကမိန့်ကြားတော်မူသည်- သင်၏မိခင်၊ ထို့နောက် သင်၏မိခင်၊ထို့နောက် သင်၏မိခင်၊ ထို့နောက် သင်၏ဖခင်၊ ထို့နောက်အဆင့်လိုက် သင့်အနီးစပ်ဆုံးဆွေမျိုးများ ဖြစ်ကြသည်။

ဗဟ်ဇ် ဗင်န် ဟကီးမ် ၎င်း၏ဖခင်မှတစ်ဆင့်၊ ၎င်း၏ဖခင်က ၎င်း၏ အဘိုးမှတစ်ဆင့်
ဆင့်ပြန်ပြောကြားခဲ့သည်။ ကျွန်ုပ်က လျှောက်ထားသည်မှာ အို-
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်၊ မည်သူ့ကို ကျွန်တော်မျိုး
အကောင်းဆုံးပြုမူဆက်ဆံရမည်နည်း။ တမန်‌တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ကမိန့်ကြားတော်မူသည်- သင်၏မိခင်၊ ထို့နောက် သင်၏မိခင်၊ ထို့နောက် သင်၏မိခင်၊
ထို့နောက် သင်၏ဖခင်၊ ထို့နောက် အဆင့်လိုက် သင့်အနီးစပ်ဆုံးဆွေမျိုးများ
ဖြစ်ကြသည်။
[حسن] [رواه أبو داود والترمذي وأحمد]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ကျေးဇူးပြုခြင်း၊ ကောင်းမှုပြုခြင်း၊ကောင်းမွန်စွာဆက်ဆံခြင်း၊ ပေါင်းသင်းဆက်ဆံရာတွင် ချိုသာစွာပြုမှုဆက်ဆံခြင်းနှင့်အဆက်အသွယ်ထားခြင်းတို့၌ အရှေ့ဦးစွာခံစားထိုက်သူမှာ မိခင် ဖြစ်ကြောင်းမိန့်ကြားတော်မူခဲ့သည်။ မိခင်၏ အခွင့်အရေးသည် အခြားသူများထက်သာလွန်မြင့်မြတ်ကြောင်း သုံးကြိမ်တိုင်တိုင် ထပ်ခါ ထပ်ခါ မိန့်ကြားတော်မူခြင်းဖြင့်အလေးပေးဖော်ပြခဲ့သည်။ ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ကမိခင်ပြီးလျှင် ကောင်းမွန်စွာဆက်ဆံရန် အခံထိုက်ဆုံးသူမှာ ဖခင်ဖြစ်ကြောင်း၊ထို့နောက် ဆွေမျိုး သားချင်းများအနက် အနီးကပ်ဆုံးသူမှ အစပြု၍ အဝေးဆုံးသူအထိဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့သည်။ ဆွေမျိုးနီးစပ်သူသည် ဝေးကွာသူထက်ဆက်ဆံပေါင်းသင်းရန်ပို၍ထိုက်တန်သည်။

http://www.sunnah.global/hadeeth/my/show/58188